ဝါရှောင်ကျေးရွာ

ဝါရှောင်ကျေးရွာအုပ်စု၊ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝါရှောင်ကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊နိုဝင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဝါရှောင်ကျေးရွာအရင်းအမြစ်ပြဓြေပုံ၊ဝိုင်းမော်မြို့နယ် ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၉

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်မီးအား၊ သတင်းနှင့်ဆက်သွယ်ရေး

(စ၅) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၉

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၂၂

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ
ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား
ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား-၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား-၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန့်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့် အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

နိုဝင်ဘာလ၊၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝါရှောင်ကျေးရွာ
ဝိုင်းမော်မြို့နယ်

ဝါရှောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ ဖြိုးရေးဆိုင်ရာ အစီအစဉ်ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါ သည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်ဌင်းတို့၏ စီးပွား ရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်းများ အား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင် အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက် အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး

ရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါ သည်။

(၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဝါရှောင်ကျေးရွာသည် မြစ်ကြီးနားမြို့သို့သွားရာ လမ်းမကြီးပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးနှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြသည်။ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၈၀)မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်ထောက်အကူပြုသည်။ ကျေးရွာ တည်ရှိ ရာ သည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ဆားငန်ဝင် ရောက်မှုမှ ကင်းလွတ်သည်။လယ်ယာမြေများသည် စပါးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် အဓိကမှီခိုအားထားရာဖြစ်သည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများရှိသည်။ ကျေးရွာတွင် တစ်နှစ်တွင်း တစ်ကြိမ်မျှ မိုးလေပြင်းထန်ခြင်းမျိုးရှိသော်လည်း ရေကြီးခြင်းမရှိပါ။

(ခ) သဘာဝအရင်းအမြစ်

ဝါရှောင်ကျေးရွာ၏ လယ်ယာမြေသည် မြေပြန့်ဒေသဖြစ်ကာမြေဆီအသင့်တင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ လယ်ယာတောင်သူတစ်ချို့မှာ သုံးဆယ်ရေ လှောင်တမံမှ ဆည်ရေဖြင့် ရရှိသောလယ်မြေကေ (၅၀၀)ခန့်သာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက် ရေအသုံးပြုမှုနည်းပါးပါသည်။ထွန်းယက်စိုက်ပျိုးနိုင်သည့်ကေ(၅၀၀)ရှိပြီး စပါးကို အဓိကစိုက်ပျိုးကြ ပါသည်။

(၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၃၂၈)စုရှိပြီး ကျား(၈၉၂)ဦး၊မ(၈၈၅)ဦးဖြင့် လူဦးရေမှာ စုစုပေါင်း (၁၇၇၇)ဦး ရှိပါသည်။ ကျေးရွာတွင် လူမျိုးပေါင်းစုံနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် ကျေးရွာရှိ လူဦးရေပေါင်း၏ (၂၆၅)ခန့်ရှိသဖြင့် အလုပ်လုပ်နိုင်သည့် လူ သားအရင်းမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာတွင် များပြားလာပါသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၀%)သည်ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူကြီးပြီး(၃၀%)သည် ချမ်းသာသည့်အဆင့်၊ (၃၀%)သည်အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်အချို့မှာလည်း လယ်ယာများ၊ လက်သမား၊ ပန်းရံ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေးကြေးအသင့်အတင့်အဆင်ပြေကြသည်။ ယင်းတို့အနက် ဆင်းရဲ အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင် သော လယ်သမားများ၊ လက်လုပ်လက်စား၊နေ့စားများ၊ လက်သမားများ၊ ပန်းရံများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၄)ဦးဖြစ်ပါသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကား၊ ဆန်ကြိတ်စက်၊သစ်ခွဲစက်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များသည် အလွန်ဆင်းရဲကာ များပြားကြသည်။အခြားထိခိုက်လွယ်သော အိမ်ထောင်စုမှာ သက်ကြီးရွယ်အိုဦးစီးသော အိမ်ထောင်သည် ကလေး/လူငယ်များ ထိခိုက်လွယ်မှုများပြားသည်။

ကျေးရွာသည် အဝေးပြေးကားလမ်းမပေါ်တည်ရှိ၍ ယခုနှစ်ပိုင်းတွင် ယာဉ်မတော်တဆ ဖြစ်ပွားမှုများလာခဲ့ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၂၀၀၀၀၀)ကျပ်မှ (၁၀၀၀၀၀၀)ကျပ်အထိ အကြွေးတင် ရှိကြသည်။ အိမ်ထောင်ဦးစီးနှင့် ကျေးရွာမှ ပြင်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေကြသော အိမ်ထောင်စု (၂၀)စုနှင့် မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့်အိမ်ထောင်စု(၁၀)စုသည် ဆင်းရဲသည့်ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။ကျေးရွာပြင်ပသို့သွားရောက်ပြီးဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်၊လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ဖြစ်ပွားကြသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း ရရှိနိုင် ကြသည်။(၁၅)ကီလိုမီတာကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။

(c)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်း ကျောင်း ခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ နွေရာသီတွင် "**အ**" သုံးလုံးသင်တန်းများကို လာရောက်သင်ကြားပေးသည်။သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ကို ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးများအရေအတွက် ထက်နည်းသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။သို့သော်လည်း ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို ရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု အလွန်အားနည်းလျက်ရှိသည်။ကျား-မတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအ ထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းရှိပြီး ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ အစိုးရမှ ဖွဲ့စည်းပေးထားသော အသေးစားငွေစုငွေချေး လုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာမှ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၅၀၀)ကျော်ရှိကာ နွေစပါးကို မစိုက်ပျိုးနိုင်ကြပါ။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပတ်စနစ်ကို သုံးကြသည်။တောင်သူ၊လယ်သမားများသည် တစ်ခါတစ်ရံမိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ကြုံရသည်။ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအနည်း သာဖြစ်ပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့်အိမ်ထောင်စုသည်လည်း အနည်းကျဉ်းရှိသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံး ပျက်ဆီးမှုများရှိသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းအကောင် အထည်ဖော်၊တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ရွာထဲမှ ငွေချေးသူထံမှ ချေးငှားလျှင် အတိုးနှုန်းမှာ မြင့်မားသည်။ကျေးရွာတွင် မွေးမြူရန် ရေမြေနေ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊စျေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းအနည်းငယ်ရှိသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထား

တွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်း များရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်ငန်း ၊မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့စသည့်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်၊ဆံပင်အလှပြင်၊ဝပ်ရှော့စသောသင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးစိုက်ပျိုးခင်းများ၌ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြ သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာသည် မြေပြန့်ကုန်းမြင့်ဒေသဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ် အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(c)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို (၁)နှစ်အတိုးနှုန်း(၅%)၊(၁)ကေလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြန်မာ့ငွေရေးကြေးရေးအပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေး သောအဖွဲ့ဝင်(၁၅)ဦးရှိကာ တစ်နှစ်အတိုးနှုန်း(၃)ကျပ်နှုန်းဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၆)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။အချို့သော အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးသူထံမှ တစ်နှစ်အတိုးနှုန်း(၁၀)ကျပ်နှုန်းနှင့် (၁၅)ကျပ်နှုန်းဖြင့် လည်းကောင်း မိတ်ဆွေ၊မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း(၁၅)ကျပ်နှုန်းဖြင့်လည်းကောင်း ချေးယူ နိုင်ကြသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်း မရှိသေးပါ။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံမူလတန်းကျောင်းနှင့်အလယ်တန်းကျောင်းကို (၁၂၀'x၂၄'x၁၂')အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်၊ ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၀.၁%)မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်း ပညာရေးပြီးဆုံးမှုရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းကျောင်းနေအရွယ်နှင့် အလယ်တန်းကျောင်းနေအရွယ်ရှိအရေအတွက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် (၉)နှစ်၊အလယ်တန်းတွင်(၁၄)နှစ်ထက်ကြီးသောကျောင်းသားများပါရှိခြင်း၊အနီးရပ်ကွက်မှ ကျောင်းသားများ တက်ရောက်နေကြခြင်းတို့ကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂလုံလောက်ပြီး မူလတန်း ပြဆရာ/မ(၆)ဦး ၊အလယ်တန်းတွင် ဆရာ/မ (၁၂)ဦး နှင့် အထက်တန်းဆရာ/မ(၉)ဦးတို့ရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် မူလတန်းတွင် (၃၅)ဦး၊ အလယ်တန်းတွင်(၃၅)ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ် များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ဆေးပေးခန်းတွင် ဆေးမှူးတစ်ဦးနှင့် ဆရာမတစ်ဦးများရှိသဖြင့် ကျေးရွာတွင် ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ ဝါရှောင်ကျေးရွာသည် လျှပ်စစ်မီးရရှိသော ကျေးရွာဖြစ်သည့်အလျောက် အအေးခန်းဖြင့် သိုလှောင်ရန်လိုအပ်သောဆေးများအတွက် ရေခဲသတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြသော်လည်း လုံလောက်မှုမရှိသေးပါ။အဆင်ပြေသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများတွင် ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ် သောရောဂါဖြစ်ပွားမှုများ နည်းပါး သည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့် မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(၈)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်း တံတားမရှိပါ။ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြု၍ မောင်းနှင်းကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၉၀)စီးနှင့်စက်ဘီး(၇၄)စီး၊ထော်လာဂျီ(၁၄)စီးနှင့်ကား(၄၁)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို (၁၉၇၃)ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်အားလုံး၏ (၁၀၀)ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ် ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက် အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး သတင်းစာ၊ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေး မှာ အတော်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၈)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်း ဝယ် မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိ နိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူအလွန်ရှားသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းနှင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုမှာ အဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိသည် အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်

တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မြစ်ကြီးနားမြို့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိ နေကြသည်။ သဘာဝအရင်းအမြစ် များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။တောင်သူလယ်သမားများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာ သွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအ တွက် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရမည်ဖြစ်ပါသည်။

သုံးဆယ်ရေလှောင်တမံမှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်းတိုးချဲ့ဆောက် လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ကေတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူ/ လယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည်။

ဘဏ်များမှကျေးရွာအလိုက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်ခဲကြုံတွေ့ရတတ်သည်။ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းအတွက် အတတ်ပညာနှင့်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအားနည်းသည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာ သင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေ ပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှတဖန် ကျေးရွာတွင်ရရှိထား သော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ် လုပ်မှုတိုးတကစေမည်။

(ခ-၂) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်၊စာသင်ဆောင်တိုးချဲ့ခြင်း၊ ဆရာမနေအိမ်ဆောက်လုပ်ခြင်း၊အားကစားကွင်းပြုလုပ်ပေးခြင်းဖြင့်ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ် ဆက်ပြီး အထက်တန်းကျောင်းခွဲထပ်မံတိုးမြှင့်ပေးရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိ နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လိုအပ်သော ကျေးရွာ၏အခြေခံအဆောက်အဦ များတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင် စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနဖြစ်သော စိုက်ပျိုးရေးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်ဆီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်း ရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဆောင်ရွက်ပေးစေလိုပါသည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် စိုက်ဘဏ်မှ ချေးငွေပြန်ဆပ်ချိန်ကာလ တိုးမြှင့်ပေးရန် ပြောင်းလဲချမှတ်ပေးသင့်ပါသည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) **ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများမှာ ဆန်စက်၊ဆီစက်၊သစ်စက်၊အမှုန့် ကြိတ်စက် စသည်တို့ဖွံ့ဖြိုးနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် အမျိုးသားများအတွက် အခွင့်အလမ်းရှိပါသည်။ကျေးရွာတွင် လက်မှုလုပ်ငန်း၊အိမ်တွင်းမှု လုပ်ငန်းမရှိသည့်အတွက် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းမရှိပါ။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊စျေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်မတို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ် ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံ ခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(c) **ကျေးလက်စျေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆိုင်ခန်း(၃၀-၄၀)ပါရှိသည့် ယာယီစျေးတစ်ခုရှိပါသည်။လူကြီးခရီးစဉ်ရှိပါက စျေးရောင်းချခြင်းကို ရွှေ့ဆိုင်းထားရသည်။မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် စျေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေး သင့်ပါသည်။ ရွှေညောင်ပင် ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်ပါမည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက(၅)နှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည်မည်သို့မျှပြည့်စုံနိုင်မှု မရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်(၂)နှစ်၊(၃)နှစ် ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲ ထားသည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင် ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိ နားလည် စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ် ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	**စီမံချက်**	**ရမှတ်ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁။မူးယစ်ဆေးဝါးပပျောက်ရေး	၈၅	၅	-မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးရန် ထိထိရောက်ရောက် အရေးယူနှိမ်နှင်းဖို့အတွက် တင်ပြတောင်းခံခြင်း	အထွေထွေဦးစီးဌာန
		၇၃	၈	-သက်ကြီးရွယ်အိုနှင့် မသန်းစွမ်းသူများအား ထောက်ပံ့ကြေး ရရှိရန် တောင်းခံခြင်း	လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
		၈၅	၅	-မီးဘေးအန္တရာယ်ကာကွယ်ရန် မီးသတ်ရေကန်တောင်းခံခြင်း	
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၈၈	၄	-စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဟောပြောပို့ချခြင်း -စိုက်ဘဏ်မှချေးငွေကာလတိုးမြှင့်ပေးရန် -စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးရန် တောင်းခံခြင်း -စိုက်ပျိုးရေးသွင်းအားစုဆက်သွယ်မှုရရှိရန်တောင်းခံခြင်း	စိုက်ပျိုးရေးဦးစီးဌာန

အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၇၈	၄	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ	ကျေးလက်ဦးစီးဌာန
ပညာရေးကလေးပညာရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၉၉	၂	-ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူပစ္စည်း၊ ဆရာမအဆောင်များပံ့ပိုးဆောင်ရွက်ခြင်း	ပညာရေးဦးစီးဌာန
ကျန်းမာရေးကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရေး	၇။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၇၅	၆	-ကျေးလက်ဆေးပေးခန်းတွင် ပရိဘောဂနှင့်ဆေးဝါးများ လုံလောက်မှုရှိရန် -မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း -ကျန်းမာရေးဝန်ထမ်းတိုးမြှင့်ပေးရန် -ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း -ကိုယ်ဝန်ဆောင်မိခင်များနှင့် ၂နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ကြေးပေးရန် တောင်းခံခြင်း	ကျန်းမာရေးဦးစီးဌာန/အခြား (NGO) အဖွဲ့အစည်း

မူးယစ်ဆေးဝါးပပျောက်ရေး	၈။ကျေးရွာရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရေး	၈၅	၅	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာရောက်ပြုလုပ်ရန် တောင်းခံခြင်း	အထွေအုပ်ချုပ်ရေးဦးစီးဌာန
လမ်းပန်းဆက်သွယ်ရေး လမ်း၊တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၁၀၀	၁	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းမြေသားလမ်းများပြုပြင်ခြင်း -ကျေးရွာကုန်ထုတ်လမ်း/တံတားများတည်ဆောက်ခြင်း -ကျေးရွာတွင်းခန်းမဆောင်တည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန
လူငယ်စွမ်းဆောင်ရည်တိုးတက်လာစေရေး	၁၀။လူငယ်များကျန်းမာကြံ့ခိုင်စေရေး	၉၄	၃	-အားကစားကွင်းနှင့်ပစ္စည်းများတင်ပြတောင်းခံခြင်း -နွေရာသီအားကစားရက်တိုသင်တန်းများဖွင့်လှစ်ခြင်း -ပညာဗဟုသုတတိုးရန် ဟောပြောပွဲများ ကျင်းပပေးခြင်း -ထူးချွန်လူငယ်များအား အသိအမှတ်ပြုဆုပေးပွဲများ ပြုလုပ်ပေးခြင်း	အားကစားဦးစီးဌာန
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၁။သောက်သုံးရေရရှိလာစေရေး	၆၄	၉	-ကျေးရွာတွင်း တစ်နှစ်ပတ်လုံးရေရရှိစေရန် ရေတွင်းများတောင်းခံခြင်း	ကျေးလက်ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာ၏ လမ်းသွယ်နှင့် ကုန်ထုတ်လမ်းများကောင်းမွန်ရန်	၁	A	A	A	A	A
၂	ကျေးရွာ၏ ပညာရေးတတ်မြောက်မှုတိုးတက်လာစေရေး	၂	A	A	A		
၃	လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၃	A	A			
၄	စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဗဟုသုတကျွမ်းကျင်မှုများ တိုးတက် ရေး	၄	A				
၅	မူးယစ်ဆေးဝါးပပျောက်ရေး	၅	A	A	A	A	
၆	မီးဘေးအန္တရာယ်ကာကွယ်ရေး	၅	A	A			
၇	ကျန်းမာရေး(ကလေးတီဘီ)ကုသခြင်း၊ကျန်းမာရေးကဏ္ဍတိုးတက်ရေး	၆	A	A			
၈	ကျေးရွာခန်းမဆောင်ရရှိရေး	၇	A	A			
၉	သက်ကြီးရွယ်အိုနှင့်မသန်စွမ်းသူများအား ထောက်ပံ့ကြေးရရှိလာစေရေး	၈	A	A	A	A	A
၁၀	ဆေးပေးခန်း၌ (ကုတင်၊ထိုင်ခုံ)နှင့် ဆေးဝါးများ ပြည့်စုံစွာရလာစေရေး	၉	A	A			
၁၁	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၁၀	A	A			

၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဧယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှု များကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	√				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			√		
၃	ပို့ဆောင်ရေး အခြေခံအဆောက်အဦများ တိုးတက် လာစေရေး	√				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး		√			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး		√			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			√		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				√	

၈	ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					✓
၉	သင့်တင့်သော အတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			✓		
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး				✓	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

